
MYINT
MYAT
THUKHA

ဇင်ယော်နီ
ယနေ့ယခု ဝေဠုနဒီ

# ချဉ်ပ့ါဗျာ

တစ်နေ့တွင် စာရေးဆရာဇင်ယော်နီသည် ၎င်းရေးထားသော "ယနေ့ယခု ဝေဠုနဒီ" ဆိုသည့် ဝတ္ထုကို အမှာစာရေးပေးရန် လာ၍ပြော၏။

အမှာစာ၏သဘောမှာ ကိုယ့်ငါးချဉ် ကိုယ်ချဉ် ပြရခြင်းပင် ဖြစ်၏။ ကျွန်ုပ်သည် ကိုယ့်ငါးချဉ်ပဲ ဖြစ်ဖြစ် ... သူတစ်ပါး၏ ငါးချဉ်ပဲဖြစ်ဖြစ် ... မချဉ်ဘဲနှင့် ချဉ်သည်ဟု ပြောရမည်ကို လွန်စွာမှ ဝန်လေးသူဖြစ်၏။

ထို့ကြောင့် စာရေးဆရာ ဇင်ယော်နီရေးထားသော ဝေဠုနဒီဝတ္ထုကို သေသေချာချာ ဖတ်ကြည့်မိလေ၏။

ထိုသို့ ဖတ်ကြည့်ပြီးသောအခါ၌ ကိုယ့်ငါးချဉ်ကို သူတစ်ပါးကြိုက်အောင် မချဉ်ဘဲနှင့် ချဉ်ပြရသော ငါးချဉ်မျိုးမဟုတ် ...၊ သူ့အတိုင်းတိုင်း ချဉ်ပြီးသားဖြစ်နေသည်ကို တွေ့ရ၏။

ကျွန်ုပ်လည်း အမှာစာ ရေးရမည်ကို လိပ်ပြာသန့်၍ သွားလေ၏။ ထို့ကြောင့် -

"ဒီငါးချဉ်ကတော့ တကယ်ချဉ်တာပါဗျာ ..." ဟု အားရပါးရကြီး ပြောလိုက်ချင်တော့၏။

စာဖတ်သူလည်း ဖတ်ကြည့်ပြီးသော အခါ၌ ... ကျွန်ုပ်၏ငါးချဉ်သည်

ကျွန်ုပ်နှင့်ထပ်တူ ချဉ်သွားမည်မှာ ရာခိုင်နှုန်းတစ်ရာ သေချာပေတော့သတည်း။

သဗ္ဗေသတ္တာ ကမ္မဿကာ

မင်းသိခ်

***

# ဇင်ယော်နီ

# ယနေ့ယခု ဝေဠုနဒီ

## အခန်း ၊ ၁ ၊

## ချမ်းသာသောကိုယ် ဖြစ်ရပါစေသတည်း

*

တစ်နေ့သ၌ မြန်မာပြည်အလယ်ပိုင်း မိုးနည်းရေရှားဒေသရှိ မြို့ကြီးများနှင့် လမ်းပန်း ဆက်သွယ်ရေး ခက်ခဲလှစွာသော ရွာကြီးတစ်ရွာ၏ အစွန်မှ တဲအိမ်ကလေးတစ်လုံး၏ ရှေ့တွင် အသက် ၄၀ ဝန်းကျင်ခန့် အမျိုးသမီးနှစ်ဦးတို့သည် အချေအတင် စကားများလျက် ရှိကြလေ၏။

အချေအတင် စကားများသည်ဟုသာ ဆိုရသော်ငြား လက်ဝတ်လက်စား အချို့ ဝတ်ဆင်ထားသည့် အသက်ငယ်ပုံရသော အမျိုးသမီးက လက်ညှိုးငေါက်ငေါက် ထိုးလျက် ဆတ်ဆတ်ကြဲ ပြောဆိုနေခြင်းဖြစ်ပြီး ၎င်းထက်အသက်ကြီးပုံရသော အဝတ်အစား နွမ်းပါးလှသည့် အမျိုးသမီးကမူ တစ်ဖက်လူ ပြောသမျှကို ခေါင်းငုံ့လျက်သာ နားထောင်နေခြင်း ဖြစ်လေ၏။

နွမ်းပါးသော အမျိုးသမီးက တောင်းပန်တိုးလျှိုးသော လေသံကလေးဖြင့် တစ်ချက် တစ်ချက်တွင် ပြန်ပြောသောအခါ ကျန်အမျိုးသမီးက အသံကို ပို၍ပို၍မြှင့်ကာ ရန်တွေ့လေ၏။ ထို့နောက်တွင်ကား ထိုအမျိုးသမီးသည်

လက်တစ်ဖက်ဖြင့် ထဘီကို စွန်တောင်ဆွဲလျက် နွမ်းပါးသော အမျိုးသမီး၏နဖူးကို လက်ညှိုးဖြင့် ထိုးကာထိုးကာဖြင့် ပြောပြန်လေတော့၏။

တစ်ဖန် ထဘီကို လက်နှစ်ဖက်ဖြင့် မလျက် တံတွေး တစ်ချက် ထွေးလိုက်ပြီးနောက် နွမ်းပါးသောမိန်းမ၏ ပါးကို ဖြောင်းခနဲ ရိုက်ချလိုက် လေတော့၏။

အရိုက်ခံရသော မိန်းမသည် မျက်နှာကို လက်ဝါးဖြင့်အုပ်လိုက် ပြီးနောက် တတွတ်တွတ် တောင်းပန်ပြန်၏။ ရိုက်သော မိန်းမမှာမူ ထိုမျှနှင့် ကျေနပ်ဟန် မတူသေးဘဲ အုပ်ထားသော လက်ဝါးကို ဆတ်ခနဲ ဆွဲဖယ်လိုက်ကာ နောက်ထပ် တစ်ချက် ရိုက်ချလိုက်ပြန်လေ၏။

ထိုအခါတွင်မူ ထိုအဖြစ်အပျက်ကို အစအဆုံး မြင်တွေ့နေရသော တဲအတွင်းမှ အသက် ၁၅ နှစ် မရှိတရှိခန့် လူငယ်လေးတစ်ဦးသည် တောက်တစ်ချက် ခေါက်လိုက်ပြီးနောက် ထိုမိန်းမ နှစ်ဦးရှိရာသို့ ပြေးထွက်သွားလေ၏။ သို့ရာတွင် ၎င်းနှင့် မလှမ်းမကမ်းတွင် ရှိနေသော လူကြီးတစ်ဦး က ၎င်း၏လက်ကို ဖမ်းဆွဲထားလိုက်ပြီးလျှင် -

"ဝေဠု ... မင်း အသာနေစမ်း ...၊ ပြောနေတာ မရဘူး လား ...၊ မင်း အပြင်ကို လုံးဝမထွက်နဲ့ ကြားလား ..." ဟု ပြောကာ ၎င်းကမူ အထက်က မိန်းမနှစ်ဦးရှိရာသို့ အပြေးကလေး ထွက်သွားလေ ၏။ ထို့နောက် ၎င်းသည် ပါးကိုရိုက်သော မိန်းမ၏ရှေ့၌ ဒူးထောက်ထိုင် ချလိုက်ပြီးလျှင် ထိုမိန်းမ၏ ခြေသလုံးကိုဖက်လျက် -

"ငါ တောင်းပန်ပါတယ် မကုလားမရယ် ...၊ ရှိကြီးခိုးပါရဲ့ဟာ ...၊ ပဲပေါ်တာနဲ့ နင့်အကြွေးကို ဆပ်မှာပါ ...၊ အရင်းရော အတိုးရော ပေးမှာပါဟာ ..." ဟု တတွတ်တွတ် တောင်းပန်လေတော့၏။

ထိုအခါ ပါးကို အရိုက်ခံရသော မိန်းမကလည်း ပုဆစ်တုပ် ထိုင်ချလိုက်ပြီးလျှင် ထိုမိန်းမ၏ ထဘီစနှင့် သူ၏မျက်နှာကို အပ်လျက် အထက်က အတိုင်း တောင်းပန်ပြန်လေ၏။ အတောင်းပန်ခံရသော မိန်းမကမူ မျက်နှာကို တင်းနိုင်သမျှတင်းလျက် ခေါင်းကို မော့လိုက်ပြီးလျှင် -

"ဘာမှပြောမနေနဲ့ ...၊ အခုလာမယ့် လကွယ်နေ့မှာမှ အဲဒီ အကြွေးကို မပေးဘူးဆိုရင်တော့ ဇပန့်လက်ကိုအပ်ပြီး နင်တို့တစ်အိမ်လုံးကို နေပူလှန်း ခိုင်းပစ်မယ် ..." ဟု ကြိမ်းဝါးကာ ခြေကို ဆောင့်နင်းလျက် ထွက်သွားလေတော့၏။

**(မှတ်ချက်။ ။ ယခု ဖော်ပြနေသော အဖြစ်အပျက်သည် မြန်မာနိုင်ငံသို့ ဂျပန်များ ဝင်ရောက် အုပ်စိုးလျက်ရှိသော ၁၉၄၃ ခုနှစ်ဝန်းကျင်က အဖြစ်အပျက်တစ်ခု ဖြစ်ပါသည်။ ထိုစဉ်က မြန်မာပြည်၏ အချို့ဒေသများတွင် ဂျပန်ကို 'ဇပန်' ဟု အသံထွက်၍ ခေါ်ဝေါ်လေ့ရှိပါသည်။**

**စာရေးသူ )**

ထိုအခါကျမှပင် ထိုလင်မယားလည်း မြေပြင်တွင် ငုတ်တုတ်ကလေး ထိုင်၍ ကျန်နေခဲ့ရာမှ ပြန်၍ ထလိုက်ကြပြီးလျှင် တဲကလေးအတွင်းသို့ ပြန်ဝင်လာခဲ့ကြလေ၏။ တဲကလေးအတွင်း၌ကား အထက်က ဆိုခဲ့သော ၎င်းတို့၏သား ဝေဠုဆိုသော သူငယ်ကလေးသည် ကြိတ်မနိုင်ခဲမရ ဖြစ်စွာဖြင့် သူ၏ခေါင်းနှင့် တိုင်ကို တဒုန်းဒုန်း ဆောင့်နေလေ၏။

ထိုအခါ မိခင်ဖြစ်သူသည် သားဖြစ်သူထံသို့ အပြေးကလေး ဝင်သွားပြီးလျှင် သားဖြစ်သူအား လှမ်း၍ ဆွဲထားရင်း ရင်ဘတ်ကိုဖိလျက်-

"အမလေး ငါ့သားရယ် ...၊ ဘာဖြစ်လို့များ ကိုယ့်ကိုယ်ကိုယ် နာအောင် လုပ်ရတာလဲ ..." ဟု ပြောရင်း မျက်ရည်များ တသွင်သွင် စီးကျလာလေတော့၏။ ထိုအခါ ဝေဠုဆိုသော လူရွယ်ကလေး သည်လည်း နှုတ်ခမ်းကို

တင်းတင်းကိုက်လျက် မျက်ရည်များကို လက်ခုံဖြင့် သုတ်လိုက်ရင်း -

"ကျွန်တော့်ရှေ့မှာ အဖေနဲ့အမေကို ဒီလောက် စော်ကားမော်ကား လုပ်နေတာကြီးကို ကျွန်တော် ဘယ်လိုလုပ်ပြီး ကြည့်ရက်မှာလဲ အမေရယ် ...၊ ကျွန်တော့် သဘောအတိုင်းသာ ဆိုရင် အဲဒီ ကုလားမဆိုတဲ့ မိန်းမကို ထန်းလျီးဓားနဲ့ နုပ်နုပ်စဉ်းပစ်လိုက်ပြီးပြီ ..." ဟု မကျေမချမ်း လေသံကြီးဖြင့် ပြောလိုက်လေ၏။ ထိုအခါ ၎င်း၏ဖခင်က သားဖြစ်သူ၏ ပခုံးကို ယုယညင်သာစွာ ကိုင်လိုက်ပြီးလျှင်...

"ဒေါသရှေ့ထားရင် မှားမှာပေါ့ ငါ့သားရယ် ...၊ မဖြစ်သင့်တာတွေ မဖြစ်အောင်လို့ အဖေက တားတာပါ ...၊ ဘာပဲဖြစ်ဖြစ် မိဘစကား နားထောင်တာဟာ မမှားပါဘူး ငါ့သားရယ် ...၊ မိဘစကားကို နားထောင်တဲ့ သားဟာလည်း ဘဝမှာ ဘေးဒုက္ခဆိုးတွေက လွတ်မြောက်နိုင်မှာပါ ငါ့သားရယ် ..." ဟု ဖျောင်းဖျပြောဆိုလေ၏။

ဝေဠုသည် ဖခင်ဖြစ်သူ၏ စကားကို နားထောင်ပြီးနောက် တွေတွေကြီး စဉ်းစားနေလေ၏။ ထို့နောက် မည်သို့ အတွေးပေါက်သွားသည် မသိ။ ဘုရားစင်ရှိရာသို့ ဖြုတ်ခနဲ ပြေးသွားပြီးလျှင် ဦးသုံးကြိမ်ချလိုက် ၏။ ထို့နောက် -

**"ဘဝဆက်တိုင်းမှာ မိဘစကားကို နားထောင်ရန်မလိုသောသား ဖြစ်ရပါလို၏ဘုရား ..."**

ဟု ဝမ်းနည်းသံကြီးဖြင့် သုံးကြိမ်တိုင်တိုင် အော်ဟစ်ဆုတောင်း လေတော့၏။ ထိုအခါ ၎င်း၏ မိခင်ကြီးသည် ရင်ဘတ်ကိုဖိလျက် -

"အမယ်လေး ... ဘုရား ...ဘုရား ...၊ မတောင်းကောင်း မဆိုကောင်းကွယ် ...၊ ဘယ်လို ဆုကြီးကိုများ တောင်းလိုက်တာတုံး" ဟု ရေရွတ်လိုက်လေ၏။ ထိုအခါ ဝေဠုက -

"ဒီလိုပါ အမေရယ် ...၊ ကျွန်တော် အဖေ့စကားကိုလည်း နားထောင်ချင်ပါတယ်၊ အမေ့စကားကိုလည်း နားထောင်ချင်ပါတယ် ...၊ ဒါပေမဲ့ အဲဒီလောက် ကျွန်တော်ချစ်တဲ့၊ ကျွန်တော် ရိုသေတဲ့ အဖေနဲ့အမေ့ကို စော်ကားမော်ကား နှိပ်စက်ကလူ ပြုနေတာကိုတော့ ကျွန်တော် ဘယ်လိုလုပ်ပြီး လက်ပိုက် ကြည့်နေနိုင်မှာတဲ့လဲဗျာ ...၊ မိဘစကားကို နားထောင်တဲ့ အကျိုးကျေးဇူးထက် မိဘကို ရန်အန္တရာယ်က ကာကွယ်တဲ့ အကျိုးကျေးဇူးကများ ပိုပြီးများမယ် ဆိုရင် ကျွန်တော် မိဘစကားကို နားမထောင်ချင်ပါဘူးဗျာ ..." ဟု ပြောလေ၏။ ထိုအခါ ၎င်း၏ဖခင်က

"ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ ငါ့သားရယ် ...၊ သည်းခံရမယ့်အချိန်မှာ သည်းခံလိုက်တာဟာ ရန်အေးပါတယ်ကွာ ..."ဟု ချော့မော့ ပြောဆိုလိုက်ပြန်ရာ ဝေဠုက -

"ဒါ ... သည်းခံရမယ့် အခြေအနေလား အဖေရယ် ...၊ အဲဒီ ကုလားမဆိုတဲ့ မိန်းမဟာ ဘယ်လို မိန်းမမျိုးဆိုတာ တစ်ရွာလုံး သိနေကြတာပဲဟာ ...၊ အဖေမို့လို့ အဲဒီမိန်းမရဲ့ ခြေသလုံးကိုဖက်ပြီး သူ့ထဘီစနဲ့ ကိုယ့်မျက်နှာကို အပ်ပြီး အောက်ကျို့ တောင်းပန်ရတယ်လို့ဗျာ..." ဟု မကျေမချမ်း လေသံမျိုးဖြင့် ပြောလိုက်ပြန်လေ၏။ ထိုအခါ ၎င်း၏ ဖခင်က -

"ဒါကတော့ ငါ့သားရယ် ...၊ ငါတို့က ဆင်းရဲတာကိုးကွ" ဟု တစ်လုံးချင်း ပြောလိုက်လေ၏။ မိခင်ဖြစ်သူကမူ -

"ကဲပါလေ .. .ပြီးခဲ့တာတွေလည်း ပြီးသွားပါပြီ ...၊ ငါ့သား နဖူးမှာ တိုင်နဲ့ ဆောင့်ထားတဲ့ ဒဏ်ရာက မသေးပါလား ..."

"မှန်း ...မှန်း ...၊ အမေ ကြပ်ထုပ်ထိုးပေးမယ် ..." ဟု ဆိုကာ အနီးရှိ အဝတ်စုတ်တစ်ခုကို လုံး၍ အာငွေ့ပေးကာ သားဖြစ်သူ၏ နဖူးမှဒဏ်ရာကို ကြပ်ထုပ်ထိုးပေးလေ၏။

အချိန်မှာ အနည်းငယ် မှောင်ရီပျိုးလာပြီဖြစ်၍ ဖခင်ဖြစ်သူက ရေနံဆီမီးခွက်ကို ထွန်းညှိကာ ၎င်းတို့၏အနီး၌ ချပေး၏။ ထိုအခါ ဝေဠုသည် မီးခွက်မှ အလင်းရောင်ဖြင့် မိခင်ဖြစ်သူ၏ပါးကို ကြည့်ရင်း -

"ဟိုမိန်းမလက်ချက်နဲ့ အမေ့ပါးမှာလည်း တော်တော်ရောင်သွားပါလား ..." ဟု ဆိုကာ သူကလည်း မိခင်ဖြစ်သူ၏ပါးကို ကြပ်ထုပ် ထိုးပေးပြန်လေ၏။ ဖခင်ဖြစ်သူမှာမူ ထိုသားအမိကို ကြည့်ရင်း ကြည်နူးမှု တစ်ဝက် ဝမ်းနည်းခြင်း တစ်ဝက်ဖြင့် မျက်ရည်ကလေးများပင် လည်လာ လေ၏။

ဝေဠုသည်လည်း မိခင်အား ကြပ်ထုပ်ထိုးပေးနေရာမှ ဖခင်ဖြစ် သူအား ဖျတ်ခနဲ တစ်ချက် လှမ်းကြည့်လိုက်ရာ မျက်ရည်ဝေ့နေသော ဖခင်ဖြစ်သူ၏ မျက်လုံးအစုံကို တွေ့လိုက်ရသော တစ်ခဏတာ၌ နင့်ခနဲနေအောင် ခံစား သွားရလေ၏။ တစ်ချိန်တည်းမှာပင် စောစောက သူ၏ဖခင် ပြောခဲ့ သော 'ငါတို့က ဆင်းရဲတာကိုးကွ ...' ဟူသော စကားသံသည် သူ၏နားတွင် ပဲ့တင်ထပ်လျက် ကြားယောင်လိုက်မိပြန်လေ၏။

ထိုသောခဏ၌ ဝေဠု၏မျက်နှာသည် ရုတ်ခြည်းဆိုသလို တည်သွား၏။ ထို့နောက် ဘုရားစင်ရှိရာသို့ အပြေးကလေး သွားပြန်ပြီးလျှင် ဦးသုံးကြိမ် ကန်တော့လျက် အောက်ပါအတိုင်း သုံးကြိမ်တိုင်တိုင် တစ်လုံးချင်း တစ်လုံး ချင်း ရွတ်ဆို ဆုတောင်းလိုက်ပါ လေတော့သတည်း။

**"ဘဝဆက်တိုင်းမှာ**

**ချမ်းသာသောကိုယ် ဖြစ်ရပါလို၏ဘုရား ..."**

**"ဘဝဆက်တိုင်းမှာ**

**ချမ်းသာသောကိုယ် ဖြစ်ရပါလို၏ဘုရား ..."**

**"ဘဝဆက်တိုင်းမှာ**

ချမ်းသာသောကိုယ် ဖြစ်ရပါလို၏ဘုရား ..."

***

## အခန်း ၊ ၂ ၊
## ချစ်သောသူနှင့် ကွေကွင်းရပါစေသတည်း

*

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွားပြီးနောက် နောက်နေ့ည နေစောင်းတွင် ဝေဠုသည် ရေပုံးနှစ်ပုံးကို ထမ်းလျက် ရွာထိပ် ရေကန်ကြီးဆီသို့ ထွက်လာခဲ့လေ၏။

လမ်းတွင် ရေအိုးတစ်လုံးကိုရွက်လာသော ငှင်းနှင့်ရွယ်တူခန့် ကောင်မလေးတစ်ယောက်နှင့် ဆုံမိလေ၏။ ထိုကောင်မလေးသည် ဝေဠုကိုမြင်လိုက်သည်နှင့်-

"ဟော့ ...ဝေဠု ...၊ ခဏနေဦး...နင့်ကို ငါပြောစရာရှိ လို့ ..." ဟုဆိုကာ ဝေဠု၏ပခုံးတစ်ဖက်ကို လှမ်း၍ဆွဲထားလိုက်ပြီးလျှင် လမ်းဘေးသို့ကပ်၍ ရပ်လိုက်လေ၏။

"မနေ့က ဒွေးလေးဒေါ်ကုလားမ နင်တို့အိမ်ကိုလာပြီး သောင်းကျန်းသွားတယ်ဆို ..." ဟု ထိုကောင်မလေးက မေး၏။ ထိုအခါ ဝေဠုက-

"အေး ...ဟုတ်တယ် ...၊ ငါဖြင့် ဒေါသထွက်လိုက်တာ မပြောပါနဲ့တော့ ...၊ တစ်ကိုယ်လုံး နတ်ကျသလို တုန်နေတာပဲ ...၊ အဖေက ဇွတ်အတင်း တားထားလို့ ...၊ ပြီးတော့ သူက နင့်ဒွေးလေး မို့လား ...၊ နင့်မျက်နှာလေးကိုလည်း မြင်ယောင်မိလို့ပေါ့ ...၊ နို့မဟုတ် ရင် အဲဒီမိန်းမ အဲဒီနေရာမှာတင် ဆယ်ဘဝစာလောက် သေသွားပြီ.." ဟု ပြောရင်းပြောရင်းမှာပင် ဒေါသ

ထွက်လာသော လေသံမျိုးဖြင့် ပြန်၍ပြောလေ၏။ ထိုအခါ ကောင်မလေးက -

"ညတုန်းကလည်း ဒွေးလေးဒေါ်ကုလားမ ငါတို့အိမ်ကို ရောက်လာသေးတယ်ဟဲ့ ...၊ အမေနဲ့ စကားတွေ ပြောနေလိုက်တာမှ ညဥ့်နက်သန်းခေါင်အထိပဲ ...၊ အဲဒီလိုပြောတဲ့အထဲမှာ နင်တို့ အကြောင်းလည်း ပါတယ် ...၊ ပြောလိုက်တာမှ တစ်စက်ကလေးမှ ရစရာမရှိဘူး ...၊ ပြီးတော့ နင်နဲ့ငါ့ အကြောင်းလည်း ပါသေးတယ် ...၊ ငါ့ကို မွဲချင်တဲ့ခွေး ပြာပုံတိုးတာတဲ့ ...၊ နင့်ကိုကျတော့ အမဲရိုးနှယ် ဟင်းအိုးမှ အားမနာဘူးတဲ့၊ အမေ့ကိုကျတော့ ငါ့သမီးလေး တော်လှတော်လှနဲ့ ယောက်မမြင်းစီးပြီး ထွက်သွားဦးမယ်နော်တဲ့ ...၊ အို ...ပြောလိုက်တာမှ စုံနေတာပါပဲဟယ်၊ ပြီးတော့ ...သူကြီးသား အောင်တိုးနဲ့ငါနဲ့ ပေးစားကြဖို့လည်း ပါတယ်၊ ငါတို့ သူကြီးဆိုတာက ဇပန်ကင်ပေတိုင်တွေနဲ့ အလွမ်းသင့်နေတာ ဆိုတော့ တို့ရွာမှာတော့ ဘုရင်တစ်ပါးပဲတဲ့ ...၊ အောင်တိုးဆိုတဲ့ သေနာကလည်း ငါ့ကိုယူမယ်လို့ ထန်းရေမူးတိုင်း ပြောသတဲ့ ...၊ အောင်တိုးနဲ့သာ ပေးစားမယ်ဆိုရင် ငါ့ဘဝဟာ အစစအရာရာ ရေကန်အသင့် ကြာအသင့်ပဲတဲ့၊ အဲဒီတော့ အခုလာမယ့် သီတင်းကျွတ်မှာ နင်နဲ့ငါ မယူဖြစ်ကြဘူးဆိုရင် အခြေအနေက သိပ်မကောင်းဘူးဝေဠု ...၊ နင်နဲ့ငါ ဝေးကုန်ကြရလိမ့်မယ် ...၊ ငါ့ချစ်သူဟာ ဘယ်အခြေအနေ ဘယ်အဆင့်အတန်းပဲ ရောက်ရောက် ငါချစ်တဲ့လူနဲ့ပဲ ငါပေါင်းချင်တယ်ဟာ ...၊ ငါမချစ်တဲ့လူဟာ သိကြားမင်းကြီးပဲ ဖြစ်နေဖြစ်နေ ငါမပေါင်းချင်ဘူး ...၊ အဲဒါ နင့်ကို သိအောင် ပြောထားတာ ..." ဟု တွတ်တွတ်တွတ်တွတ်ဖြင့် ရေပက် မဝင်အောင် ပြောနေလေ၏။ ထိုအခါ ဝေဠုက -

"အေးပါ နဒီရယ် ...၊ ငါ ကြိုးစားမယ် ...၊ ငါတို့ဆန္ဒတွေ ဘယ်လိုနည်းနဲ့ပဲ ပြည့်ရပြည့်ရ ငါကြိုးစားမယ်ဟာ ..." ဟု ပြန်၍ပြောလိုက်လျှင် နဒီဆိုသော

ကောင်မလေးက ရေအိုးမှလျှံ၍ နဖူးဆံစပေါ် သို့ စီးကျလာသော ရေများကို လက်ခုံဖြင့် အသာသုတ်လိုက်ရင်း -

"အေး ...အဲဒါဆိုလည်း ပြီးရောပေ့ါ ...ငါသွားမယ် ..." ဟုဆိုကာ ထွက်သွားလေတော့၏။

ဝေဠုလည်း ရေပုံးနှစ်ပုံးကို ကောက်၍ ထမ်းကာ ရေကန်ဘက် ဆီသို့ ဆက်၍ထွက်လာခဲ့၏။ သူ၏အတွေးအာရုံဝယ် နဒီပြောခဲ့သော စကားများသည်သာ လွှမ်းမိုးမင်းမူနေလေ၏။ ထို့ကြောင့် ဝေဠုကို ကြည့်ရသည်မှာ သက်ရှိလူသားတစ်ဦးနှင့် မတူဘဲ စက်ရုပ်တစ်ရုပ်သဖွယ် ဖြစ် နေလေတော့၏။

ဝေဠုသည် ထိုသို့ တရွေ့ရွေ့ လျှောက်လှမ်းလာခဲ့ရာ ရေကန်သို့ ရောက်သောအခါ ရေစပ်ထဲသို့ သုံးလေးလှမ်းမျှ ဆင်းလိုက်ပြီးလျှင် ရေပုံးများကို နှစ်၍ ရေခပ်လိုက်ပြီးနောက် ဆိုင်းထမ်းဖြင့် ထမ်းကာ ပြန်တက်လာခဲ့လေ၏။

အပြန်လမ်း တစ်လျှောက်တွင်လည်း သူသည် ငူငူငိုင်ငိုင်ကြီးဖြင့် လျှောက်လာခဲ့ခြင်းမျိုး ဖြစ်၏။ ပြောရမည်ဆိုလျှင် သူ၏ရင်သည် ဗလောင်ဆူနေလေ၏။ သို့တည်းမဟုတ် သူ့နှလုံးအိမ်သည် ရှားမီးခဲဖြင့် အကင်ခံ နေရသည့်အလား ရှိလေတော့၏။

သူ့အနေနှင့် နဒီ့အပေါ် အချစ်ကြီးချစ်သလောက် အားအငယ်ကြီးလည်း ငယ်နေရရှာလေ၏။ သူကြီးသား အောင်တိုးနှင့် သူ၏ အခြေအနေမှာ အစစအရာရာ မိုးနှင့်မြေပမာ ကွာခြားလွန်း လှတော့၏။ ဆွေမျိုးအသိုင်းအဝိုင်း အင်အားချင်းမှာလည်း တုန္ခိုင်း၍မရ ...၊ ငွေရေးကြေးရေး စီးပွားရေး ဆိုသည်ကလည်း ဆင်နှင့်ဆိတ် ...၊ ဂုဏ်ပကာသန ပညာအရည်အချင်းတို့ တွင်လည်း ဆီးစေ့နှင့်မြင်းမိုရ်တောင် ...၊ အစစအရာရာ

တို့တွင် ဝေဠူဘက်မှ မည်သို့မှ အားချင်းမမျှ ဖြစ်နေလေ၏။

ထို့ကြောင့် ဝေဠူသည် အသည်းနင့်အောင် ချစ်ရလွန်းသူ နဒီကလေးအား လက်လွတ် ဆုံးရှုံးရမည့် အရေးကို စိုးရွံ့လွန်းလှသောကြောင့် သက်ပြင်းကို သာ အခါခါ ချနေမိလေတော့၏။ သို့ရာတွင် ဝေဠူသည် အောက်ပါအတိုင်း တွေးမိပြန်လေ၏။

"အခုန ငါတွေးပြီး အားငယ်ခဲ့ရတာတွေဟာ အောင်တိုးနဲ့ငါနဲ့ ပြိုင်တာ တွေ မဟုတ်ဘူး ...၊ ပတ်ဝန်းကျင် ဆွေမျိုးသားချင်း ကျောထောက်နောက်ခံ အခြေအနေတွေမှာပဲ အောင်တိုးက ငါ့ထက်သာတာ ဖြစ်တယ်။ အောင်တိုး တစ်ယောက်တည်းနဲ့ ငါတစ်ယောက်တည်းသာ တစ်ယောက် တစ်ယောက် ကြေး ယှဉ်ရမယ်ဆိုရင်တော့ အောင်တိုးလို ဘာပဲလုပ်လုပ် လက်ကြောမ တင်းတဲ့ကောင် တစ်ယောက်ကို ငါ့အနေနဲ့ ဘာမှမှုစရာ မလိုဘူး၊ ဒီကောင် ဘာကောင်မှ မဟုတ်ဘူး၊ ခွဲလုံ့လချင်း၊ ဝီရိယချင်း၊ အပင်ပန်း အဆင်းရဲ ခံ နိုင်တာချင်း လုပ်ရည်ကိုင်ရည်ချင်း ယှဉ်လာလို့ကတော့ ငါ့အနေနဲ့ အောင် တိုးလိုကောင်မျိုး ဆယ့်နှစ်ယောက်နဲ့ ယှဉ်ရလည်း လုံးဝ ကြောက်စရာမလို ဘူး ..."

ဝေဠူသည် အထက်ကအတိုင်း တွေးလိုက်မိပြီးသည့်နောက် အတန်အသ င့် အားရှိသွားလေ၏။ နေသာထိုင်သာ ရှိသွားလေ၏။ သူ့အနေနှင့် မည်သို့ ပင် ဖြစ်စေကာမူ နဒီ့ကို မရ ရအောင် ယူနိုင်ရမည် ဟုလည်း သန္နိဋ္ဌာန် ပြတ်ပြတ်သားသား ချလိုက်မိလေတော့၏။ အိမ်သို့ပြန်ရောက် သောအခါ မိခင်ဖြစ်သူက-

"ဟဲ့ကောင်လေး ...ရေခပ်သွားတာ ကြာလှချေလား..." ဟုမေး၏။ ဝေဠူ က ဘာမျှပြန်မပြောဘဲ ထမင်းချက်ရန်အတွက် ဆန်ဆေးရန် ပြင်ဆင်နေ သော မိခင်၏ဘေးတွင် ဝင်ထိုင်လိုက်ကာ-

"ဖယ်ဖယ် ...အမေ၊ ကျွန်တော်ပဲ ထမင်းချက်လိုက်ပါ့မယ်..." ဟုဆိုကာ ဆန်ဆေးလေ၏။ ပြီးနောက် မီးဖိုပေါ်တွင် ထမင်းအိုးကို တည်လိုက်လေ၏။ ထိုအချိန်၌ ဆန်ဆေးထားသော ရေဖြင့်ပင် အိုးခွက်ပန်းကန်များကို တိုက်ချွတ်ဆေးကြော ပြန်လေ၏။ ထိုရေကို ဘေးအိမ်ရှိ ဘကြီးဖြိုး၏ နွားများ သောက်ရန် သွား၍ပေးပြန်လေ၏။

**(မှတ်ချက်။ ။ ဝေဠုတို့၏ အရပ်ဒေသမှာ ရေရှားပါးလွန်းလှသောကြောင့် ရေကို ထိုသို့ အတတ်နိုင်ဆုံး ချွေတာသုံးစွဲကြရပါသည်။ စာရေးသူ)**

ဝေဠုသည် ထမင်းအိုးကို စောင့်ကြည့်ရင်း သူနှင့်နဒီတို့၏ ရှေ့ရေးကို တွေးနေမိပြန်၏။

"ငါ့အနေနဲ့ နဒီ့ကို ရအောင်ယူရမယ် ဆိုရင် နဒီ့အနေနဲ့ ငါ့ကိုသာမက ငါ့မှာရှိနေပြီးဖြစ်တဲ့ ဒုက္ခဆင်းရဲတွေ၊ မွဲတေခြင်းတွေကိုပါ မလွှဲမသေ ပေါင်းသင်းရတော့မှာ ဖြစ်တယ် ...၊ အောင်တိုးကို ယူလိုက်ရင်တော့ အောင်တိုးမှာ ရှိပြီးဖြစ်တဲ့ ချမ်းသာသုခ ဂုဏ်ပကာသနတွေ ကိုလည်း နဒီ့အနေနဲ့ ရေကန်အသင့် ကြာအသင့် ခံစားရမှာပါလား ...၊ ငါဟာ နဒီ့ကို တကယ် ချစ်သလား ...၊ တကယ့် မေတ္တာစစ် မေတ္တာမှန်နဲ့ ချစ်တာလား ...၊ တကယ် ချစ်တာဆိုရင် ကိုယ့်ချစ်သူကို သာယာဖြောင့်ဖြူးတဲ့ ဘဝလမ်းနဲ့ ဒုက္ခအတိ ပြီးတဲ့လမ်း ... ဘယ်လမ်းကို အလျှောက်ခိုင်းမလဲ၊ ကိုင်း ...ငါ့အတွက် နဒီ့ ကို သေချာပေါက် ဒုက္ခရောက်စေမယ့် လမ်းကြောင်းပေါ်ကို ဆွဲမခေါ်ခြင်း သာလျှင် အကောင်းဆုံး၊ အဖြစ်သင့်ဆုံး ဆုံးဖြတ်ချက်ဖြစ်လိမ့်မယ် ...၊ ငါ ဟာ နဒီ့ကို အမှန်တကယ် ချစ်မြတ်နိုးတယ် ...၊ အဲဒီလို ချစ်တာကို သက်သေပြဖို့ကတော့ သူနဲ့ မပေါင်းမဖက်ဘဲ ကွေကွင်းအောင် လုပ်ဖို့ တစ် နည်းပဲ ရှိနေပါလား ..."

ဝေဠုသည် အထက်ကအတိုင်း အပြန်ပြန် အလှန်လှန် တစိမ့်စိမ့်တွေးရင်း

မျက်ရည်များပင် လည်လာလေ၏။ ထို့နောက်တွင်ကား ဘုရားစင်ရှေ့သို့ ရုတ်ခနဲ ထသွားကာ ဦးသုံးကြိမ် ကန်တော့လိုက်၏။ ထို့နောက်-

**"တပည့်တော်သည် နဒ္ဒီကို အမှန်တကယ် ချစ်မြတ်နိုးပါသည် ဘုရား ...၊ ဤမှန်သော သစ္စာစကားကြောင့် ချစ်သောသူနှင့် ကွေကွင်းရပါစေဘုရား ..."**

ဟု သုံးကြိမ်တိုင်တိုင် ရွတ်ဆို ဆုတောင်းလိုက်လေတော့၏။ ဝေဠုသည် ဖြိုင်ဖြိုင်စီးကျ နေသော မျက်ရည်များဖြင့် ထိုသို့ ဆုတောင်းနေခြင်း ဖြစ်လေ၏။ ထို့နောက်တွင်လည်း ထိုနေရာ၌ပင် ငိုင်ငိုင်ကြီး ဆက်၍ ထိုင်နေမိလေ၏။ မည်မျှကြာအောင် ထိုသို့တွေးတော မိန်းမောနေမိသည်မသိ။

"ဟဲ့ ...ဝေဠု ...၊ ဘာလုပ်နေတာလဲ ... ဟောဒီမှာ ထမင်း အိုးက ဝေကျပြီး ပျက်စီးသွားပြီ ..." ဟု မိခင်ဖြစ်သူ၏ လှမ်းအော်သံကို ကြားလိုက်သော အခါကျမှပင် ထမင်းအိုးကို သတိရမိလေတော့၏။

ထိုအချိန်တွင်ကား ဝေဠုတည်နေသော ထမင်းအိုးကလေးသည် လုံးဝ စား၍ မရနိုင်တော့ လောက်အောင် ပျက်စီးသွားပြီ ဖြစ်လေတော့သတည်း။

။

***

## အခန်း ၊ ၃ ၊
## ဝမ်းနည်း၍ ဝမ်းသာရပါသည်

*

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွားပြီးနောက် တစ်ပတ်ခန့် ကြာသော် ဝေဠုတို့၏ ရွာဦးကျောင်းတွင် အလှူတစ်ခုပြုလုပ်လေ၏။ ထိုအလှူမှာ မြို့မှ လူကုံထံ မိသားစုတစ်စုက ဘုန်းကြီးကျောင်းအတွက် ရေတွင်း ရေစက်ချ လှူဒါန်းခြင်းဖြစ်၏။

ထိုအလှူတွင် ထမင်းစတုဒိသာ ကျွေးမွေး ဧည့်ခံမည်ဖြစ်ရာ ဝေဠုတို့ ရွာခံ လူငယ်များသည် ဝိုင်းဝန်းကူညီ ဆောင်ရွက်ကြရလေ၏။ ဝက်သားဟင်း၊ ချဉ်ပေါင်ဟင်း၊ ငါးပိကြော် ...စသည်တို့ဖြင့် ကျွေးမွေး ဧည့်ခံရန်အတွက် ဝေဠုတို့သည် မအားမလပ်နိုင်အောင် ဖြစ်နေကြရ၏။ ရေခပ်ပေးရခြင်း၊ ထင်းရှာပေးရခြင်း၊ မဏ္ဍပ်ထိုးခြင်း၊ ကြက်သွန်လှီးခြင်း၊ ငရုတ်သီးထောင်းခြင်း ... စသည်တို့ကိုလည်း ဇယ်ဆက်သကဲ့သို့ လုပ်ကိုင်နေကြရလေ၏။

ရေတွင်း ရေစက်ချအလှူပွဲတွင် ဆရာတော်က သီလပေးတရား ချီးမြှင့်ပြီးသည့်နောက် ဝေဠုတို့သည် ထမင်းကျွေးမဏ္ဍပ်ထဲ၌ ရောက်ရှိ လာသောဧည့်သည်များအား ထမင်းဟင်းတို့ဖြင့် ဧည့်ခံကျွေးမွေးလေ၏။

ရေတွင်းအလှူရှင် ဦးအေးနှင့်ဒေါ်မြတို့၏ ဆယ်ကျော်သက် အရွယ် တစ်ဦးတည်းသော သမီးကလေး မဥ္ဇူမှာလည်း ဝတ်ကောင်းစားလှများကို ဝတ်ဆင်လျက် အလှဆုံး ပြင်ဆင် လိမ်းခြယ်ကာ ဝေဠုတို့ အလုပ် လုပ်နေကြသည်ကို လာရောက် ကြည့်ရှုနေလေ၏။

ထိုအချိန်၌မှာပင် သူကြီးသားအောင်တိုးနှင့် အပေါင်းအပါ လူငယ် (၇) ဦး ခန့်တို့သည် ထန်းရည်များ မူးလျက် မဏ္ဍပ်ထဲသို့ ဝင်ရောက် လာကြလေတော့၏။ အောင်တိုးနှင့်အဖွဲ့သည် မဥ္ဇူအနီး၌ ဝိုင်းပတ်ကာ မဥ္ဇူအား အမျိုးမျိုး နောက်ပြောင်ကြ၏။ ထိကပါးရိကပါး ပြောကြ၏။ ထိုအထဲတွင် သူကြီးသားအောင်တိုးသည် အဆိုးဆုံးဖြစ်လေတော့၏။

"ဗျို့ ...သူကြီးသား ...၊ မဥ္ဇူလေးက လှတော့လှတယ် ဒါပေမဲ့ သူကြီးသားက နဒီ့ကိုလည်း ယူမယ်ဆို ...၊ ဘယ်လိုလုပ်မှာလဲ ..." ဟု တစ်ယောက်က မေး၏။ ထိုအခါ သူကြီးသားအောင်တိုးက လျှာလေးအာလေး အသံကြီးဖြင့် -

"နဒီက တောင်ညာစံ ...၊ ဟောဒီမဥ္ဇူလေးက မြောက်ဝဲစံပေါ့ ကွာ ...ဟား ...ဟား ...ဟား" ဟု ပြန်ပြောလေ၏။ ထိုအခါ တစ်ယောက်က -

"ရွာလယ်က ညိုချောလေးကရော ဘယ်လိုလုပ်မလဲ ..." ဟု မေးပြန်လျှင် အောင်တိုးက-

"သူက အလယ်စံ မိဖုရားပေါ့ကွာ ... ဟား ...ဟား ... ဟား ..." ဟု ပြောလိုက်ပြန်လေ၏။ သူ၏ အပေါင်းပါများမှာလည်း တဝါးဝါး တဟားဟားဖြင့် ရယ်မောကြလေတော့၏။ ထိုသို့ ရယ်မောရင်း တစ်ယောက်က-

"ဟောဒီ မဥ္ဇူဆိုတဲ့ ကောင်မလေးကို ဘယ်လိုဘယ်လို မိဖုရား မြှောက်မယ်ဗျ ...၊ မြောက်ဝဲစံ ....ဟုတ်လား ...၊ ကြား ကြားဖူးပေါင် ဗျာ ...၊ ကျုပ်ကတော့ မယုံဘူးဗျို့ ...၊ လက်တွေ့မြှောက်ပြ ..." ဟု ပြောလိုက်ရာ သူကြီးသား အောင်တိုးက-

"မယုံရင် လက်တွေ့ပြမယ်ကွာ ...ဟောဒီလို ... ဟောဒီ လို ..." ဟုဆိုကာ မဥ္ဇူ၏လက်ကို အတင်းဝင်၍ ဆွဲလေတော့၏။

မဥ္စူလည်း ကြောက်လန့်တကြားဖြင့် အော်ဟစ်ရင်း ပြေးလွှား ရှောင်တိမ်းလေ၏။ မဏ္ဍပ်အတွင်းရှိ ထမင်းစားနေကြသူများ မှာလည်း တ အိုအို တဟယ်ဟယ်ဖြင့် အော်ဟစ်ကြ သော်လည်း မည်သူမျှ မဟန့်တား ဝံ့ ကြပါချေ။ ထန်းရည်မူးနေသော သူကြီးသား အောင်တိုးမှာလည်း ဘီလူး သရဲစီးနေဘိသည့် အလား မဥ္စူအား ဓွတ်အတင်းဖက်၍ နမ်းရန် အားထုတ် နေလေ၏။

မဥ္စူလည်း မျက်နှာကို တစ်ဖက်သို့ ဓွတ်အတင်းလှည့်၍ လက်ဝါးဖြင့်ကာ ပြီး ရုန်းကန်နေရင်းမှ ပုံခနဲ ခွေကျကာ သတိလစ်မေ့မြော သွားပါလေ တော့၏။

အမှန်စင်စစ် မဥ္စူသည် ငယ်စဉ်ကပင် လွန်စွာ ချူချာလွန်းလပေ၏။ အမြဲ လို တရှောင်ရှောင် ဖြစ်နေသော လူမမာကလေး တစ်ဦးဖြစ်၏။ အသက်ရှူ၍မဝသော ရောဂါရှိ၏။ ယခု အောင်တိုး၏ လက်မှလွတ်အောင် ရုန်းရာ၌ အင်အားချင်း မမျှလွန်းသည့်အပြင် ရောဂါအခံကြောင့် သတိလစ် သည်အထိ ဖြစ်သွားခြင်း ဖြစ်လေတော့၏။ ဝေဠုသည် ခွေကျသွားသော မဥ္စူအား ပြေး၍ ပွေ့လိုက်ပြီးနောက် -

"ခင်ဗျားတို့ မတရားမလုပ်ကြနဲ့ ...၊ ဒီကောင်မလေးဟာ ဧည့်သည်တစ် ယောက် ဆိုတာ ကိုလည်း သတိထားကြဦးမှပေါ့ ...၊ ကိုယ့်ရပ်ကိုယ့်ရွာကို လာတဲ့ ဧည့်သည်တစ်ယောက်ကို ဒီလို မဆက်ဆံသင့်ပါဘူးဗျာ ..." ဟု အော်ဟစ်၍ ပြောလိုက်ရာ သူကြီးသား၏ အပေါင်းအပါတစ်ဦးက ဝေ ဠု၏လက်ကို ဆောင့်ဆွဲလိုက်၏။ ထိုအခါ၌ သူကြီးသားအောင်တိုးက ဝေ ဠု၏မျက်နှာကို လက်သီးဖြင့်ထိုး၏။ သို့ရာတွင် သူ့ကိုယ်သူပင် မထိန်းနိုင် လောက်အောင် မူးနေသောကြောင့် လွဲသွား၏။ ထိုအခါ၌ ဝေဠုက တံတောင်ဖြင့် လက်ပြန်တွက်လိုက်ရာ ဝေဠု၏တံတောင်သည် အောင်

တိုး၏ မျက်နှာကို ကျကျနနထိမိပြီးလျှင် အောင်တိုး ပက်ခနဲ လဲလေ၏။ ထို အချိန်၌ တစ်ယောက်က ဝေဠု၏နောက်ကျောကို နောက်မှနေ၍ ဆောင့် တွန်းလိုက်ရာ ဝေဠုလည်း မှောက်လျက်လဲလေတော့၏။

သူကြီးသားနှင့် အပေါင်းအပါတို့သည် လဲကျနေသော ဝေဠုအပေါ် တက်၍ခုန်သူက ခုန်ကြ၏။ ဖနောင့်ဖြင့်ပေါက်သူက ပေါက်ကြ၏။ ထင်းချောင်းကို ပြေး၍ဆွဲကာ ရိုက်သူက ရိုက်ကြလေ၏။ ဤသို့ဖြင့် ဝေဠု လည်း သတိလစ် မေ့မြောသွားလေတော့၏။

မည်မျှကြာအောင် သတိလစ်နေခဲ့သည်မသိ။ သတိပြန်ရ၍ ကြည့်လိုက် သောအခါ သူ၏ တဲကလေးဆီသို့ ပြန်ရောက်နေကြောင်း သတိပြုမိလေ၏။

ဝေဠုသည် မျက်စိကိုဖွင့်၍ ကြည့်လိုက်သောအခါ၌ သူ့အား မိုး၍ကြည့်နေ ကြသော မျက်နှာအချို့ကို မြင်လိုက်ရ၏။ ပထမ၌ သူ၏မြင်ကွင်းများသည် ဝေဝေဝါးဝါး ဖြစ်နေသော်လည်း တဖြည်းဖြည်း သဲသဲကွဲကွဲ မြင်လာရ၏။ သူ၏ဘေးတွင် သူ၏အဖေနှင့် အမေ၊ မဥ္ဇူတို့ သားအမိ သားအဖ သုံးဦး တို့သည် သူ့အား စိုးရိမ်ကင်းသော မျက်လုံးများဖြင့် ကြည့်နေကြလေ၏။ ဝေဠု၏မိခင်သည် တရှုံ့ရှုံ့ ငိုကြွေးနေရာမှ -

"ဟော ...သားလေးသတိရလာပြီ ...၊ သတိရလာပြီ ..." ဟု ဝမ်းသာအားရ အော်လေ၏။ မဥ္ဇူ၏ဖခင် ဦးအေးက -

"မောင်ဝေဠု သတိရပြီလား ...၊ ဘာမှအားမငယ်နဲ့နော် ...၊ မောင်ရင် ကောင်းကောင်း သက်သာ နေကောင်းတဲ့အထိ ဦးတို့ တာဝန်ယူတယ် ...၊ အခုလို ဦးရဲ့သမီးကို မောင်ရင်ဝင်ပြီး ကူညီခဲ့တဲ့အတွက်လည်း ကျေးဇူးတင် ပါတယ်ကွယ်...၊ ဦးတို့မိသားစုကိုလည်း ဆွေမျိုး ရင်းချာတွေ လိုပဲ သဘောထားပါ ...၊ မြို့ကို ရောက်ရင်လည်း ဝင်ပါထွက်ပါကွယ် ..." ဟု ပြော လေ၏။ ထိုအခါ ဝေဠု၏ဖခင်က -

"ကိစ္စမရှိပါဘူး ဦးအေးရယ် ...၊ ဝေဠုမှာ ပြင်းပြင်းထန်ထန်လည်း ထိခိုက်ဒဏ်ရာရခဲ့တာ မဟုတ်ပါဘူး ...၊ အခုလိုလာပြီး ကြည့်ရှုဖော်ရတာကိုပဲ ဝမ်းမြောက်လှပါပြီ ...၊ အားလည်း နာလှပါရဲ့ဗျာ ...၊ ဘာလို့လဲဆိုတော့ ကျုပ်တို့က ဒီရွာမှာ မျက်နှာမွဲ ဆင်းရဲသားတွေဗျ ...၊ ဘယ်သူကမှ ဆေးဖော်ကြောဖက် လုပ်ချင်ကြတာ မဟုတ်ဘူး ..." ဟု အားငယ်သော လေသံလေးဖြင့် ပြောလေ၏။ ထိုအခါ ဦးအေးက -

"မဟုတ်သေးပါဘူးဗျာ ...၊ ဘယ်သူကမှ အဖက်မလုပ်လုပ် ကျုပ်တို့ ကတော့ လုပ်ရမှာပဲ ...၊ ဒီခေတ်ဒီအခါကြီးမှာ မိတ်ကောင်းဆွေကောင်းက ရှားတယ်မဟုတ်လားဗျ..." ဟု ဝေဠုဖခင်၏ ပခုံးကိုဖက်ရင်း လှိုက်လှိုက်လှဲလှဲ ပြောလေ၏။ ထိုအချိန်၌ ဝေဠု၏မိခင်က တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့် သူ၏ယောက်ျားဘက်သို့ လှည့်ကာ -

"အဲဒါက အရေးမကြီးဘူး ယောက်ျားရဲ့ ...၊ အောင်တိုးတို့ ဆိုတာက လူမိုက်တွေ ...၊ သူ့အဖေ အရှိန်အဝါကလည်း ရှိတော့ ပိုဆိုးတာပေါ့ ...၊ နောက်ပြီးတော့ သူတို့က ဇပန်တွေနဲ့ လင်မယားလို နေကြတာ...၊ ကျွန်မတို့ သားလေးကို အပြစ်မရှိ အပြစ်ရှာပြီး ဇပန်ကို နှိပ်စက်ခိုင်းမှဖြင့် ကျွန်မသား လေး ကိုယ်ကျိုးနည်းရချေရဲ့တော် ...၊ ရွာတောင်ပိုင်းက သာအေးတို့ ညီအစ်ကိုလည်း သူတို့နဲ့ ပြဿနာဖြစ်ပြီး အသတ်ခံသွားရတာ မဟုတ်လား ...၊ ကျွန်မသားလေးလည်း ဒုက္ခပါပဲတော် ..." ဟု ပြောဆိုကာ ဝေဠုကို ဖက်၍ဖက်၍ ကျူကျူပါအောင် ငိုလေတော့၏။

ဝေဠု၏ဖခင်လည်း ထိုအချက်ကို စဉ်းစားမိကာ တွေတွေကြီး ဖြစ်သွား၏။ မဥ္ဇူသည် လူကြီးများ ပြောဆိုနေသည်ကို နားထောင်နေရာမှ-

"ဒယ်ဒီ ... ဒီရွာမှာ ဆက်ပြီးနေရင် ကိုကြီးဝေဠုကို ဂျပန်တွေက သတ်ပစ်ကြမှာပေါ့နော် ...၊ ကိုကြီးဝေဠုကို သနားပါတယ် ဒယ်ဒီရယ် ...၊ သမီးတို့

အိမ်ကို ခေါ်သွားရအောင်ပါနော် ..." ဟု ပြောလိုက်လျှင် ၎င်း၏ဖခင် ဦးအေး လည်း ခေါင်းတဆတ်ဆတ် ညိတ်၍ စဉ်းစားနေရာမှ မိန်းမဖြစ်သူဘက်သို့ လှည့်၍ ကြည့်လိုက်လေ၏။ ထိုအခါ ၎င်း၏မိန်းမ ဒေါ်မြကလည်း -

"ဟုတ်တယ် ကိုအေး ...၊ ကျွန်မတို့သမီးလေး အတွက်နဲ့ ဒီကောင်လေး တစ်ခုခုဖြစ်သွားရင် ကျွန်မတို့ စိတ်ဖြောင့်နိုင်မှာ မဟုတ်ဘူး၊ သမီးလေးက လည်း မောင်ဝေဠုကို သံယောဇဉ် ကြီးနေပုံရတယ် ...၊ အဲဒီတော့ ကျွန်မတို့ ဆီကို ခေါ်သွားမှဖြစ်မယ် ..." ဟု ပြန်၍ပြောလေ၏။

ဝေဠု၏မိခင်နှင့်ဖခင်တို့သည် သားဖြစ်သူအား မခွဲနိုင်ကြပါချေ။ သို့သော်လည်း သားဖြစ်သူ၏ အသက်အန္တရာယ်မှ စိတ်ချလွတ်ကင်းရန် အတွက်လည်းကောင်း၊ သားဖြစ်သူ၏ ဘဝရှေ့ရေး အတွက်လည်းကောင်း၊ စဉ်းစားမိကြကာ ဦးအေးတို့နှင့် ထည့်လိုက်ရန်ကိစ္စကို ရင်နာနာနှင့်ပင် သဘော တူလိုက်ကြလေတော့၏။

ဦးအေးနှင့်ဒေါ်မြတို့ လင်မယားကလည်း မောင်ဝေဠုကလေးကို သား အရင်းပမာ မွေးစားကြမည့် အကြောင်း၊ ကောင်းစွာ ပညာသင်ပေးကြမည့် အကြောင်း အကြိမ်ကြိမ်အထပ်ထပ် ကတိပေးကြလေ၏။

ဤသို့ဖြင့် နောက်တစ်နေ့နံနက် ဦးအေးတို့ မြို့သို့ပြန်သောအခါ ဝေဠုကို ထည့်ပေးလိုက်ကြရန် စီစဉ်ကြလေတော့၏။

ထိုနေ့ ညနေစောင်းတွင် ဝေဠုရှိရာသို့ နဒီသည် ရောက်လာခဲ့၏။

"ဝေဠု ...နင်က သူရဲကောင်းကြီးပေါ့ ... ဟုတ်လား ...၊ မြို့ကလာတဲ့ ဟိုသူ ဌေးမကို မျက်နှာလိုမျက်နှာရ လုပ်ပြီး ဝင်ကူညီလိုက်တာပေါ့လေ ..၊ နင် က အဲဒီသူဌေးသမီးကို တွေ့လို့ ငါ့ကိုမေ့သွားပြီပေါ့ ..." ဟု ဆတ်ဆတ်ကြဲ လေသံဖြင့် ရန်တွေ့လေတော့၏။

ဝေဥူသည် နဒီအား နှစ်သိမ့်ဖျောင်းဖျရန် အားယူလိုက်၏။ ထို့နောက်တွင်မှ တစ်စုံတစ်ခုကို စဉ်းစားမိလိုက်ကာ နှုတ်ခမ်းကို တင်းတင်းကိုက်လျက် နဒီပြောသမျှ ဟုတ်မှန်ပါသည် ဟူသော သဘောမျိုးဖြင့် ခေါင်းကို အသာ ညိတ်ပြလိုက်လေ၏။ နဒီသည် ဒေါသကြီးစွာ ထွက်သွား၏။ ထို့ကြောင့် ဝေဥူ၏ပခုံးကို ဆွဲ၍ ဆွဲ၍ လှုပ်ရင်း -

"နင် ယောက်ျား မဟုတ်ဘူး ဝေဥူ ...၊ နင့်ကိုလေ အဲဒီလောက် အပြောင်းအလဲ မြန်လိမ့်မယ်လို့ ငါမထင်ခဲ့ဘူး ဝေဥူ ...၊ နင် ငါ့ကို နောက်နေတာလား ...၊ ဒါ နောက်စရာကိစ္စ မဟုတ်ဘူးနော် ..." ဟု ပြောလိုက်လျှင် ဝေဥူက သက်ပြင်းတစ်ချက်ကို ခိုး၍ချရင်း -

"နင်ပြောခဲ့တာတွေဟာ အမှန်ပဲနဒီ ...၊ အဲဒါတင်မကသေးဘူး၊ မနက်ဖြန်ဆိုရင် ငါ ဒီရွာမှာ မရှိတော့ဘူး ...၊ မဥူတို့နဲ့ အပြီးလိုက်သွားတော့မယ် ..." ဟု တစ်လုံးချင်း ပြောလိုက်ရာ နဒီသည် အလန့်တကြားဖြင့် 'ဘာ ...' ဟု တစ်ချက်အော်လိုက်၏။ ထို့နောက် ဝေဥူ၏ ပါးကို ဖြောင်းခနဲ ရိုက်ချလိုက်လေ၏။ ထို့နောက်တွင်ကား မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်လျက် ရှိုက်၍ ရှိုက်၍ ငိုရင်း ဝေဥူ၏အနီးမှ အပြေးကလေး ထွက်သွားလေတော့၏။

ဝေဥူသည် မျက်ရည်များ ရစ်ဝဲလာသော မျက်ဝန်းများဖြင့် နဒီ၏ နောက်ကျောကို ငေးကြည့်ရင်း ကျန်ရစ်ခဲ့လေ၏။ သူ၏နှုတ်မှလည်း-

"အခုလို လုပ်လိုက်ရတဲ့အတွက် ငါ့အသည်းနှလုံးတွေ တစ်စစီ တစ်ဖဲ့စီ ပဲ့သွားသလို ခံစားရပါတယ် နဒီရယ် ...၊ အဲဒါ နင့်ကို ချစ်လွန်းလို့ပါ ...၊ ငါ ဒီလို ဝမ်းနည်းရင်နင့်ရတဲ့ အတွက် ငါ ကျေနပ်ပါတယ် ဟာ ...၊ ငါဝမ်းသာပါတယ်ဟာ ..." ဟု တိုးတိုးဖွဖွကလေး ရေရွတ်နေမိလေ၏။

နောက်တစ်နေ့ နံနက်စောတွင်ကား ဝေဥူသည် သူချစ်လှသော မိခင်နှင့်

ဖခင်ကို လည်းကောင်း၊ သူမြတ်နိုးလှသော နဒီကိုလည်းကောင်း၊ သူ သံယောဇဉ်ကြီးလှသော ရွာကလေးကို လည်းကောင်း ... မျက်ရည်ဝဲနေသည့် မျက်ဝန်းအစုံဖြင့် နှုတ်ဆက်ရင်း မဥ္စူတို့မိသားစုနှင့်အတူ လိုက်ပါသွားခဲ့ပါလေတော့သတည်း ...။ ။

***